
ရွှေသွေး
ဂျာနယ်
အတွဲ ၆
အမှတ် ၁




လွတ်လပ်ခြင်း ဆိုရာဝယ်
ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ကျော်သူ
၂၇ ကြိမ်မြောက် လွတ်လပ်ရေးနေ့သို့ ရောက်ရန် ၂ ရက်သာလိုပါတော့သည်။ ဦးဘအောင်တို့ ရပ်ကွက်တွင် လှုပ်လှုပ်ရှားရှားရှိကြ၏။
ငါက-ဘဲဥ ရှမ်းကိုက် ဝင်မယ်
ငါက-ကိုက်-၁၀၀
ဒို့က-သုံးချောင်းထောက်
ကျနော်တော့ ကင်းမြီးကောက် ဝင်မယ်
ဒို့က-လွန်ဆွဲမယ်
ငါ့ဒို့က-လက်ဆင့်ကမ်းပြေးပွဲကို ကိုက်တယ်
ရပ်ကွက်ကော်မီတီရုံး အဆောက်အအုံတွင်
နာမည် ဘသက်
၃ပေ-၆
ရုံးခြံဝင်းပေါက်နား၌ကား
စလေဖီးသီး ပေးပါ
သရက်ပြား
ရှောက်
ဆီးဖြူသီး
ဖက်မန်းသီး လေးရ
အော-ရမယ် ရမယ်
ဆွေးသီးပေး ပါ
ထိုအခိုက် ဦးဘအောင် အိမ်ပြန်လာစဉ်—
ဟော-ဟော-တယ်ဟုတ်ပါလား။ ဒီနေ့ ဒါတိုင်းထက် ရောင်းကောင်းတယ်
လွတ်လပ်ရေးနေ့ဆိုယင် လေးငါးဆလောက် ပိုရောင်းရမယ်ထင်တယ်.... ...ဟီး၊၊
ရပ်ကွက်
တအိမ်
.... လွတ်လပ်ရေးနေ့မှာ
ကျမတို့ လုပ်အားပေးပါဝင်ပါ့မယ်၊
လမ်းတွင် ရပ်ကွက်လူကြီးများနှင့် တွေ့ရ
ဟာ-
လွတ်လပ်ရေးနေ့
ဟာ-များ ခင်ဗျားတို့ ဟာက-မဟုတ်သေးပါဘူးဗျာ။ လွတ်လပ်ရေးနေ့လဲဆိုထေး-လုပ်အားပေးရမယ်ဆိုတော့--


ဒီလိုလဲ ဘယ်ဟုတ်မလဲ - ဦးဘအောင်ရဲ့ လွတ်လပ်ရေးနေ့ဆိုတိုင်း အလကားနေလို့ ဘယ်ဖြစ်ပါ့မလဲ...
အေးလေ ကျော ကြည့်လှပ် ကြတာပေါ့
လွတ်လပ်ရေးနေ့တွင် မိုးလင်းစ ကထဲက
ပြေးခုန် ကစားကြတော့၏။
သို့သော် ဦးဘအောင်ထယောက် ပေါ်မလာချေ။
ဟာကွ - ဘကြီး ဦးဘအောင် ဘယ်များ ရောက်ရော မြန်လဲ မသိဘူး
ကောက် ညှင်းပေါင်း
မုန့်ဟင်းခါး
အေးဟယ် — ဘကြီး ဦးဘအောင် ကလဲ - ဒီနေ့မှ ပေါ်မလာဘူး
ဒီကြာစွေ မုန့် ချွေးချွေး
ကျိုးဒိုးဒယ်သဲ ချိုဘူး
တရက် ပြား —
နေ့လယ်ပိုင်းသို့ ရောက်ပြီး တရပ်ကွက်လုံး လုပ်အားပေးရန် ထွက်လာကြစဉ်—
အသံကြောကြီးဖြင့် တကိုယ်တော် တေးသံ တခု ပေါ်လာပါတော့သည်


ဦးဘအောင်သည် အရက်မူးလာပြီး
ဟားဟား
ဟားဟား
ရူး...... ဟားဟား -----
ဟားဟား...
ကိုယ်လူတို့
ဟဲ-ဟဲ
လွတ်လပ်ရေးနေ့မှာ
လွတ်လွတ်လပ်လပ်ကြီး
ပျော်ရတယ်
လုပ်အားပေးသူတို့ကို နှောင့်ယှက်တော့၏။
ဟော့လူ-သန့်ရှင်းလုပ်နေတယ်။ဖယ်ပါဗျ
ဟာ-ဒီလူ လာရှုပ်နေ မြန်မြန်
လွတ်လပ်ရေးနေ့မှာ-ငါ့ဟာငါ လွတ်လပ်စွာ လမ်းပေါ်မှာအိပ်တာ။လာမရှုပ်ကြနဲ့-သွား
မကြာမီ ပြည်သူ့ရဲများ ရောက်လာပြီး ဖမ်းဆီးသွားကာ ချုပ်ထားလိုက်လေ၏။
အမူးပြေ၍ နိုးလာသောအခါ
ဟလို-ငါ ဘယ်ရောက်နေပါလိမ့် အင်း......နေအုံး...... ...အရက်သောက်တယ်။ မူးတော့လျှောက်သွားတယ်။ မူးတော့-မူးလို့ ဖမ်းချုပ်ထားတာထင်ပါရဲ့
ဟော့လူ...နိုးလာပြီလား
သတိရပါပြီ။ နေပါအုံးဗျာ။ ကျုပ်ဟာကျုပ် လွတ်လွတ်လပ်လပ် ပျော်ချင်လို့သောက်တာ. ဘာလို့ ဖမ်းချုပ်ရတာလဲ။ တကယ်တော့-ကျုပ်တို့က ပျော်လေလေ အစိုးရအရက်ဆိုင်-ဝင်ငွေကောင်းလေလေ အဲဖြစ်တာ လားဗျား
ဒီမှာ-ဦးဘအောင်(လွတ်လပ်ခြင်း)လို့ဆိုပေမဲ့ မိမိရဲ့ပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ လုပ်ဆောင်ချက်က-နှောင့်ယှက်ခြင်း-ရယ်လို့ ဖြစ်သွားတယ်။ ခင်ဗျားက-လုပ်အားပေးတွေကို-အရေးလုပ်ပြီ နှောင့်ယှက်တာကြောင့် အချုပ်ခံရတာ။ နောက်နောင်ကို ဒီလိုမနှောင့်ယှက်ပါဘူးလို့ ကတိပြုနိုင်ရဲ့လား
မှ-မှ-မှုနိုင်ပါတယ် ခင်ဗျာ---


သူဟာ နည်းနည်းပါးပါးတဲ့ ချုပ်တတ်တော့ ပုံကောင်းကောင်း ချုပ်နိုင်ဘို့ရာ အတော် အခက်အခဲတွေ့နေတယ်။
ဟဲ့-သား၊ ဘာတွေများ အကြံအိုက်နေတာလဲ
မျောက်ညိုလေးဟာ သူ့အတွက် အင်္ကျီတထည်ချုပ်ဖို့ ကြိုးစည်နေတယ်။
မျောက်ညိုလေးဟာ အပြင်ကို ပြေးထွက်လာတယ်။
ပထမဆုံး ဖိုးဆင်နှင့် တွေ့တယ်။
နောက် ကိုခြင်္သေ့နှင့် တွေ့တယ်။


သစ်ကုလားအုပ်ကြီးကတော့
ဝက်ပုလေးနှင့် တွေ့တဲ့အခါကျတော့လဲ
မျောက်ညိုလေးဟာ အိမ်ကိုပြန်လာပြီး သူ့အင်္ကျီ စကို ချုပ်တော့တယ်။
မျောက်ညိုလေးဟာ အင်္ကျီပြီးသွားတာနဲ့ ဝတ်ပြီး ရွာထဲကို ထွက်လာတယ်။
သူငယ်ချင်းတွေက သူ့ကို ဝိုင်းဟားတယ်။
ဟား ဟား
ကြက်တွေ၊ ဘဲတွေက သူ့ကိုမြင်တော့ ကြောက်လန့်ပြီး ထွက်ပြေးကြတယ်။


ခွေးတွေကလဲ ဝိုင်းဟောင်ကြတယ်။
ဟဲ့ခွေး ဟဲ့ခွေး
ဝုတ် ဝုတ်
ဝုတ် ဝုတ်
နွားသိုးကြီးကတော့ မျက်စိနောက်ပြီး ဝှေ့လိုက်တယ်။
မျောက်ညိုဟာ အရှိန်နဲ့ မြောက်တက်သွားပြီး သူ့အိမ်ခေါင်မိုးကတဆင့် အိမ်ထဲကို ကျသွားတယ်။
အား
ဟဲ့၊ ဖုတ်ဖုတ်— ဟင် ဘယ်လိုဖြစ်လာတာလဲ သားရဲ့
မျောက်ညိုက သူ့အမေကို အကြောင်းစုံ ပြောပြလိုက်တယ်။

ပြီး



ရှေးဦးလူများ အဝတ်အထည်နှင့် ခြေစွပ်ဖိနပ် အဖြစ်အသုံးပြုကြ၏။

# လူသုံးပစ္စည်းများ

တိရစ္ဆာန်တို့၏အရေခွံ သို့မဟုတ် သားရေကို လူတို့သည် မပျက်မစီးရအောင် စီမံခဲ့ကြရုံမက နူးညံ့ ပျော့ပျောင်း၍ နှစ်ပေါင်းများစွာ တာရှည်အသုံးပြု နိုင်အောင် ပြုပြင်ခဲ့ကြလေသည်။

ရှေးဦးကာလ ဂူများ အတွင်း၌ နေထိုင်သော သူတို့သည် သတ်ဖြတ်၍ ရရှိခဲ့သော သားကောင် တို့၏ အရေခွံများကို မပျက်စီးရအောင်ပြုပြင်၍ ခြေ စွပ်အဖုံးများနှင့် အဝတ်အထည်အဖြစ် အသုံးပြုခဲ့ ၏။ အီဂျစ်လူမျိုးတို့သည် တိရစ္ဆာန် အရေခွံတို့ကို အခိုင်အခံ့ သုံးစွဲနိုင်ရန် ပြုပြင်စီမံ၍ ထားရှိခဲ့ရာ နှစ် ပေါင်း ၃၀၀၀ ကျော်လာသည့် ယနေ့တိုင်အောင် ပကတိ ကောင်းမွန်စွာ တွေ့ရှိရ၏။ မက်ဇီလုံးနီး ယန်း လူမျိုးတို့သည်လည်း သားရေကို ပြုလုပ်ခဲ့ သည်။ ယနေ့အသုံးပြုနေသော သားရေ နယ်နည်းသည် ဟီဗရူးများက စတင်၍ ဖော်သွားခဲ့ သော နည်းဖြစ်၏။

မြောက်အမေရိကတိုက်မှ အင်ဒီးယန်း လူမျိုးတို့သည် ယင်းတို့ထက် ရှေးကျသော လူများ၏ လုပ်ကိုင်ပုံနည်းကိုယူ၍ သမင် ဒရယ်တို့၏ အရေခွံကို သားရေ ပြုလုပ်ခဲ့လေသည်။ သူတို့သည် ဦးစွာခွာယူထားသော အရေခွံများကို တခုပေါ် တခုထပ်၍ စုပုံထား၏။ ထိုသို့ စုပုံထားသဖြင့် အသားမျှင်တို့သည် ဆွေးမြည့် ကာ ရိ၍ ကျလာ လေသည်။ အရေခွံ၏ အတွင်းပိုင်း အသားများ ကိုမူ ခြစ်၍ ချရ၏။ အသားစင်သွားသော အရေခွံကို တိရစ္ဆာန်တို့၏ ဦးနှောက်နှင့် အဆီများဖြင့် ဖိသိပ်ကာ နယ်ပေးလေ သည်။ ထိုနယ်ပြီးသော အရေခွံကို နောက်ဆုံး မှိုင်းတိုက်ပေး၏။ သို့ဖြင့် ပျော့ပျောင်း၍ ကောင်းမွန် သော သားရေကို ရရှိလေ တော့သည်။

တိရစ္ဆာန်တိုင်း၏ သား ရေစိမ်းနှင့် အရေခွံ တို့ကို




# အတွက် သားရေ စိုးလွင်မြင့်

သားရေအဖြစ် နယ်ကာ ပြုပြင်နိုင်၏။ သားရေ နယ်ရန် အကောင်းဆုံးမှာ ကျွဲနွားတို့၏သားရေစိမ်း ပင်ဖြစ်သည်။ သို့သော် သိုးနှင့်ဆိတ်တို့၏ အရေခွံ များကိုလည်း သားရေအဖြစ် အများအပြား ပြုလုပ်ကြ၏။ အခြား မြွေ၊ မိကျောင်းနှင့် ဖွတ်သားရေတို့ ကိုလည်း လူများအသုံးပြုကြ၏။ ငမန်းနှင့် ငှက်ကုလားအုပ်တို့၏ အရေခွံတို့ကိုလည်း သားရေအဖြစ် နယ်ကာ ပြုပြင်ကြ၏။

ယခုအခါ၌ ရှူးနှင့်အခြားဖိနပ် အမျိုးမျိုးကို ပြုလုပ်ရန်သားရေကို အများဆုံး အသုံးပြုကြ၏။ သို့သော် အခြား အသုံးအဆောင် လုပ်ငန်း တို့တွင် လည်း သားရေသည် လွန်စွာ အရေးပါကြောင်း တွေ့ရသည်။ ဓာတ်အားပေး စက်ရုံများ၌ ခါးပန်း ကြိုးအဖြစ်ဒင်း၊ မြင်းကကြိုးတန်ဆာနှင့် မြင်းကုန်း နှီး ပြုလုပ်ရာ၌ဒင်း၊ လက်ဆွဲအိတ်၊ လက်စွပ်အိတ်၊ ခြောက်လုံးပူးအိတ်၊ သေတ္တာ၊ အုန်းဖုန်၊ မွေ့ရာခင်း၊ ဂျာကင်နှင့် အဝတ်အထည်များ ပြုလုပ်ရာ၌ဒင်း အသုံးပြုလေသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့သားရေ ထုတ်လုပ်သော နိုင်ငံများတွင် ဦးဆောင်နိုင်ငံ ဖြစ်လေသည်။















တနေ့ ဇော်ဇော်၊ ငထွေးနှင့် နီလာတို့ ကျောင်းမှ ပြန်လာကြရာ
နင်တို့ဟာ သိပ်ရက်စက်တာပဲ၊ ငါ့ အမေကြီးထက် ပြောတယ်မှတ်လား... ခုတော့ ကောင်းသေးလား
စငလေးပျောက်
ဟာ....
ဟဲ့ ငထွေး ဟို မိန်းမကြီး တယောက် ထိုင်ပြီး ဘာတွေ လျှောက်ပြောနေတာလဲ မသိဘူး
ဟေ့အေး ဟဲ့ သွားမေး ကြည့်ကြရအောင်
သွားမေးကြရာ
ပေါ်ပေါ် သမီးကလေးနဲ့ သားကလေး ပျောက်နေလို့ကွဲ့ ပေါ်ပေါ် လိုက်ရှာနေတာ လေးငါးရက်တောင် ရှိပြီ ခုထိ မတွေ့သေးဘူး ဟီး ဟီး
ညတက် ဆုံမိကြသော် နေ့လယ်က အဒေါ်ကြီး အကြောင်းကို စိတ်ဝင်တစား ပြောနေမိကြလေသည်။
သနားပါတယ်ဟယ်... သူ့သားနဲ့ သမီးကလေး ဘယ်လိုလုပ် ပျောက်သွားတာလဲ မသိဘူးနော်...
လေးငါးရက်တောင် ကြာပြီဆိုတော့ ပြန်လေ မျှော်လင့်ခဲ့ထားရ သလား မသိဘူး...
နောက်နေ့ ကျောင်းမှ ပြန်လာသော် ထိုအဒေါ်ကြီးကို တနေရာတွင် တွေ့ပြန်သည်။
အဒေါ်ကြီး၊ အဒေါ်ကြီး သားနဲ့ သမီးကလေးကို မတွေ့သေးဘူးလား ဟင်
အေး ကွယ် မတွေ့သေး ပါဘူး၊ အာလည်း ရှာရတာ မောလှပြီ...
မင်းတို့ကော မတွေ့မိကြ ဘူးလား ကွယ် ဟင်၊ မင်းတို့ အရွယ် လောက်ပဲ ရှိတယ်ကွဲ့ သားလေးက ကတုံး ဆံထုံးနဲ့၊ သမီးကလေးက ကြက်တောင်စည်းကလေးနဲ့ကွဲ့ ဟီး ဟီး ကူရှာပေးကြစမ်းပါကွယ် နော်... နော်...


သို့ဖြင့် ကျောင်းပိတ်ရက် ရောက်သော်
နီလာနဲ့ ငတွေး.. အဘဒေါ်ကြီးကို သနားပါတယ်ဟာ၊ ဒို့တွေ သူ့သားနဲ့ သမီးကလေးကို ရှာပေးကြရအောင်..
အေးဟယ်၊ မြန်မြန်တွေ့ရင်တော့ တော်တော် ဝမ်းသာမှာဘဲနော်.
သူတို့ လျှောက်လာကြစဉ်
ဟာ.. ဟေ့.. တွေ့လား၊ ကြက်တောင်စည်းနဲ့ ကောင်မလေး ဟိုအဘဒေါ်ကြီး သမီးထင်တယ်
အေးဟုတ်တဲ့ တယောက်ထဲ ယောင်လည်လည်နဲ့၊ လာ.လာ.သွားခေါ်ကြရအောင်
လာပါဟယ်၊ မြန်မြန်လိုက်ခဲ့ပါ နင့်မေမေ ငိုနေတယ်ဟဲ့
ဟို.... ဟိုဒင်း.
ဟိုဒင်းတွေ ဘာတွေ လုပ်မနေနဲ့ မိန်းမပါနဲ့ ဟာ.. နင့်ကို မရိုက်ပါဘူး၊ ဆွဲခေါ်ကြဟေ့
ဟေ့.. ဟေ့ခလေးတွေ.. ငါ့သမီးကို ဘာလုပ်ကြမလို့လဲ၊ မင်းတို့ ခါးပိုက်နှိုက်ကလေးတွေလား ဟေ....
ဟာ.. မဟုတ်မှန်းဟ ပြေးဟေ့ ပြေးပြေး
ဟာ.. ဟိုမှာ ကတုံးဆံတောက်နဲ့ ကောင်လေး.. ပါးမှာလဲ မှဲ့နဲ့၊ ဟိုအဘဒေါ်ကြီးရဲ့ သားလေး ဖြစ်မှာဘဲ
ဟဲ့.. ဟဲ့.. နေအုံး.. ဒီတခါတော့ သူ့ကို အသာတကြည်လိုက်အောင် သွားပြီး ခေါ်ရမယ်
ဟဲ့.. ငါ့လေးလေး ဘယ်မှာလဲဟ..
လာသာ လာပါဟယ်.. ဟိုထိပ်က ညောင်ပင်ကြီးအောက်မှာ.. နင့်အဖို့ မုန့်တွေလဲ အများကြီး ဝယ်ထားတယ်ဟဲ့


ဟိုမှာ မင်း မေမေ
ထို့ကြောင့်
ကျမတို့လဲ လိုက်ရှာတာဘဲ ပေါ်ပေါ်ရော မတွေ့ဘူး
ရှာမနေကြပါနဲ့တော့ကွယ်..
ဟာ ဟင် အို...
ထိုစဉ် လျှောက်လာသော လူကြီးတယောက်က
မိခင်မေတ္တာဆိုတာ ကြီးမားသားကလားကွယ်..
ဇော်ဇော်၏နားထဲတွင် လူကြီးပြောသွားသော စကားများကို ဖျောက်ဖျက်၍ မရတော့ပေ။
မိခင်မေတ္တာဆိုတာ ကြီးမား သားကလားကွယ်..
ဟဲ့.. သားစာမကျက်ဘဲ ဘာလို့ မေမေ့ကို ဒီလောက်တောင် စိုက်ကြည့်နေရတာတုံးကွ..
ဪ.. ဒီနေ့လယ်က အရူးမကြီးအကြောင်း တွေးမိပြီး မိခင်မေတ္တာ ကြီးမားပုံကို စဉ်းစားမိ လို့ပါ မေမေ..
ပြီး

# ပင်လုံကျောက်တိုင်




ဤ မော်ကွန်းကျောက်တိုင် ပေါ်ပေါက် လာရခြင်းမှာ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပခဲ့သော ပင်လုံညီလာခံကြီးကြောင့် ဖြစ်လေသည်။

ဗြိတိသျှနယ်ချဲ့၏ပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲမှုကြောင့် ပြည်နယ်နှင့်ပြည်မ သွေးကွဲခဲ့ကြရသည်။ တိုင်းရင်းသား အချင်းချင်း မညီမညွတ် ဖြစ်ခဲ့ရသည်။ ထိုသို့သောအခြေအနေမှ ဥမကွဲသိုက်မပျက် ညီညွတ်စည်းလုံးသော ပြည်ထောင်စုကြီး ဖြစ်လာရေးကို ရှေးရှုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦးတို့သည် ပင်လုံမြို့တွင်တွေ့ဆုံကာ စာချုပ်ချုပ်ဆိုခဲ့သည်။ ခေါင်းဆောင် ၂၂ ဦးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ခွန်ပန်းစိန်၊ စဝ်ရွှေသိုက်၊ စဝ်ဟုံဖ၊ စဝ်နွံ၊ စဝ်ထွန်းအေး၊ ခွန်ပန်း၊ ဦးတင်အေး၊ ဦးကြာပု၊ စဝ်ယစ်ဖ၊ ဆမားဒူးဝါဆင်ဝါးနော်၊ ဒူဝါဇော်ရစ်၊ ခွန်ထီး၊ ဦးထွန်းမြင့်၊ ခွန်စော၊ ဦးဖြူ၊ တန်ရှုဒေါင်၊ ဒူဝါဇော်လွန်း၊ လဘန်းဂရောင်း၊ ဦးလှမောင်၊ ဦးသောင်ဇာခုတ်၊ ဦးဝမ်းကိုဟောတို့ ဖြစ်ကြသည်။

ညီလာခံ ကျင်းပသောနေ့ကို ပြည်ထောင်စုနေ့ အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ခဲ့လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## သက်သေ ရှိပါတယ်



# စာဖပချစ်သူ

နှယ်ဝိတယ်



ထွန်းအုံသည် အသက် ကိုးနှစ်မျှသာရှိသေးသည်။ သို့သော် စာ အလွန် ဖတ်သူ ဖြစ်၏။ ကျောင်းမနေမီ စာမတတ်မီကပင် စာအုပ်တွေလျှင် အငမ်းမရ ဆွဲလှန်တတ်သူ ဖြစ်၏။ ယခု စတုတ္ထတန်း ရောက်ပြီ။ စာလည်း ဒေါင်ဒေါင်ပြေးအောင် ဖတ်တတ်ပြီ ဖြစ်ရာ ဖတ်လိုက်သည့်စာမှာ မေမေကော ဖေဖေပါ ညည်းယူရ လောက်၏။ "နံနက် သတင်းစာ ရောက်ပြီဟေ့"ဟုဆိုလျှင် သူကဦးအောင် ယူပြီးဖတ်လေ့ရှိ၏။ ထို့ကြောင့် ဖေဖေက သူ့အတွက် ရွှေဆောင် လူငယ်၊ တေဇ၊ ရွှေသွေး စာစောင်များကို အပတ်စဉ် လစဉ် မပျက် ဝယ်ပေးရ၏။

ထွန်းအုံသည် စာအုပ်နှင့် ပတ်သက်လာလျှင် အလွန်စနစ်ကျသည်။ စည်းကမ်း ရှိသည်။ ကျောင်းစာအုပ်က အစ စနစ်တကျ သန့်သန့် ရှင်းရှင်း ကိုင်တွယ်လေ့ရှိ၏။ သူ့စာအုပ်များ ညစ် ပတ် မည်၊ စုတ် ပြဲ မည်၊ ပျောက်ရှမည်ကိုအလွန်စိုးရိမ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့စာအုပ်တိုင်းတွင် သူ့ နာမည်လေးကို မမှေ့မလျော့ ရေးထားတတ်၏။ ရွှေဆောင်လူငယ်၊ တေဇ၊ ရွှေသွေး ဂျာနယ် တို့ကိုလည်း အတွဲလိုက်ချုပ်ထား၏။ နောက်မည်သူ့ကိုမျှ လက်ဆင့်ကမ်းပြီး ပေးမငှားချေ။ သူ့ရှေ့ မှာသာ ဖတ်ခွင့်ပြုသည်။ သူ့မျက်ကွယ်သို့ ယူဆောင်သွားခွင့် မပြုချေ။ ဤမျှအထိ ထွန်းအုံသည် စာအုပ်နှင့်ပတ်သက်လာလျှင် စည်းကမ်းရှိသည်။ ရှိသေသည်။ သူ့စာအုပ်တွေနှင့် ပတ်သက်၍ မကြာခဏပင် သူ့အစ်ကို ထွန်းဝင်း နှင့်လည်း ရန်ဖြစ် ရ၏။ အစ်မ အေးအေး နှင့်လည်း တကျက်ကျက်။

လွန်ခဲ့သည့် အပတ်ထဲကပင် အေးအေးနှင့်ထွန်းအုံ ရန်ဖြစ်ခဲ့ရသေး၏။ အေးအေးသည် ထွန်းအုံ မသိအောင် သူ့သူငယ်ချင်း ဖြူဖြူအား ခြောက်အုပ်တွဲ ချုပ်ထားသော ရွှေဆောင် လူငယ် တတွဲကို ငှားလိုက်၏။ ထွန်းအုံသည် သိလျှင်သိချင်း ဒေါသကြီးလေတော့သည်။

"ငါ့စာအုပ်တွေပြန်တောင်းပေး။ ခု သွားတောင်း။ မတောင်းယင် မားနဲ့ကိုခုတ်သတ်ပစ်မယ်"

ထွန်းအုံ ၏ ဘီလူးကြိမ်းကြိမ်းသံသည် တအိမ်လုံးဆူညံနေ၏။ မေမေနှင့် ဖေဖေက ဖျောင်းဖျ သော်လည်း မရ။ နောက်ဆုံး အေးအေးကိုယ်တိုင် ဖြူဖြူ့အိမ်သို့ သွားပြီး စာအုပ်တွေ ပြန်ယူလာခဲ့ရ၏။ ထိုနေ့မှစ၍ ထွန်းအုံသည် သူ့စာအုပ်မှန်သမျှကို မည်သူ့ကိုမျှ ထိခွင့် မပြုတော့ချေ။

"သားကလဲကွယ်- အမတွေ အကိုတွေကိုလဲ ပေးဖတ်မှပေါ့ကွဲ။ သူတို့လဲ ဖတ်ချင်မှာပေါ့"

ဖေဖေက ကြားဝင် ဖျောင်းဖျသော်လည်း ထွန်းအုံက မမူ၊ ခေါင်းလေးကိုသာ ခါယမ်းပြလိုက်၏။

"ဟင့်အင်း– သားစာအုပ်ဆိုယင် ဘသူမှမထိရဘူး။ မမနဲ့ကိုကိုလဲ မထိရဘူး။ ဖေဖေနဲ့မေမေလဲ မထိရဘူး"

× × ×

ထွန်းအုံသည် အကြီး အကျယ် အံ့ဩနေရလေပြီ။

ယနေ့ထုတ် သတင်းစာပါ သတင်းတပုဒ်သည် သူ့အတွက် အလွန်အံ့ဩစရာကောင်းနေ၏။ ဤသတင်းနှင့်အတူ သူနှင့် ရွယ်တူခန့်ရှိဦးမည့် မိန်းကလေးတဦး၏ဓာတ်ပုံ သည်လည်း အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။ ဓာတ်ပုံအောက်တွင် စာလုံးမဲသေးသေးလေးနှင့် ရေးထားသော စာကြောင်း သုံးလေးကြောင်းကို သူသည်ထပ်ကျော့ပြန်ဖတ်မိပြန်၏။

"ရန်ကုန်မြို့တာမွေ အ-မ-က မှ စတုတ္ထတန်းကျောင်းသူလေး မသီတာက အသုံးလုံးကော်မီတီသို့ စာအုပ် စာတမ်းများ လှူဒါန်းနေစဉ်"

ဓာတ်ပုံအောက်တွင်သတင်းအစုံအလင်ကို အသေးစိတ်ဖော်ပြထားသည်။ သတင်းအချုပ်မှာ မသီတာသည် မိမိ၏မုံ့ဘိုးသားရေစာဖြင့် ဝယ်ယူ ထားသော ရွှေဆောင်လူငယ်၊ တေဇဂျာနယ်၊ ရွှေသွေး စာစောင်များကို အသုံးလုံး ကော်မီတီသို့ စေတနာဖြင့် လှူဒါန်း သွားသည်ဟူ၍ ဖြစ်၏။ တဆက်ထည်းပင် အသုံးလုံး ကော်မီတီ လူကြီး တဦး၏ ဝမ်းမြောက်ကျေးဇူး တင်ကြောင်း ပြောကြားချက် ကိုလည်း ဖော်ပြထား၏။

ဤသတင်းကို ဖတ်နေစဉ်တွင် ထွန်းအုံသည် အကြီးအကျယ် အံ့ဩနေရသည်။

"စာအုပ်တွေ လှူဒါန်းပစ်တယ်ဆိုတော့ နှမြောစရာကြီး၊ ဒီကောင်မလေးကလဲ တိုးလိုက်တာ"

သို့သော် သတင်းဆုံးသည်အထိ ဖတ်ပြီးသော အခါတွင် ထွန်းအုံ၏ရင်သည် ခုန်လာလေသည်။

"စာပေ ဆိုသည်မှာ တဦးတည်း မောင်ပိုင် သိမ်းဆည်းမထားသင့်ကြောင်း။ သိသူက မသိသူသို့ရင်း၊ တတ်နိုင်သူက မတတ်နိုင်သူသို့ရင်း ပေးကမ်းဝေငှသင့်ကြောင်း"

အသုံးလုံးကော်မီတီ လူကြီး၏ သတင်းပါ ပြောကြားချက်သည် ထွန်းအုံ၏ နားထဲသို့ စိမ့်ဝင်လာသည်။ ထွန်းအုံသည် နောင်တ ရလေပြီ။ သူ့အမှားကို သူမြင်လာလေပြီ။

"ဟုတ်ပီ–ဟုတ်ပီ၊ငါ့စာအုပ်တွေ အများကြီး စုမိလာယင် စာကြည့်တိုက်တွေ အသုံးလုံးကော်မီတီ တွေကို လှူမယ်"

ယခု လောလော ဆယ်တွင်မူကား သူ့မှာရှိသော စာအုပ်ဟူသရွေ့ကို ဖတ်ချင်သည့် သူငယ်ချင်းအားလုံးအား ငှားရမ်းဖတ်ရှုခွင့်ပေးလိုက်တော့ရန် ဆုံးဖြတ်ချလိုက်လေသည်။

# ကမ္ဘာတည် ဗမာပြည်

အဖိနှိပ်ခံ ကျွန်ဘဝက၊
လွန်ကြရပြီ ဗမာပြည်။

ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးလို့၊
ကိုယ့်ဟန်နည်းနဲ့ ရှေ့သို့ချီ။

နှစ်ကာလမှာ နှစ်ဆယ့်ငါးပေါ့၊
ဇာနည်များတော့ မသိပြီ။

အသက်သွေးတွေ ပုံစတေးတဲ့၊
လွတ်လပ်ရေးကြီး အစွန့်ရှည်။


ကျွန်ရစ်ကြသူ တို့အများက၊
စည်းလုံးအားနဲ့ ထိန်းရမည်။

တိုင်းရင်းသားစုံ ညီညွတ်ကြမှ၊
လွတ်လပ်ရေးက တည်တံ့မည်။
ကမ္ဘာတည် ဗမာပြည်။ ။

ကျော်ဝမ်းမင်း (လှိုင်မြေ)



R. 517



# တောင်ငုံး

တောင်ငုံးမျိုးကို မြေငုံး ဟူ၍၎င်း၊ မြေကုန် ဟူ၍၎င်း ခေါ်ကြသေးသည်။ တောင်ငုံး၏အလျားမှာ ၇စ်လက်မရှိ၏။ မျက်စိကိုပတ်နေသော အနက်စင်းသည် လည်ကုပ်အနောက်ဖက်သို့ ရောက်ရှိ၍ ကော်လာသဏ္ဍာန်ဖြစ်နေသည်။ အမဝေးသို့ ပျံသန်းသွားရာ၌ အတောင်တွင် အဖြူကွက်များ ပါရှိသော မဲပြာရောင်ကို ထင်ရှားစွာ မြင်ရသည်။

သစ်ပင်ပေါ်၌ နားနေရင်း သာယာငြိမ့်ညောင်းစွာ လေချွန်တတ်လေသည်။

မိုးရာသီတွင် ပဲခူးရိုးမရှိ ကျွန်းတောများ၌ ကျက်စားလေ့ရှိသည်။ တောင်ငုံးများ သားပေါက်ချိန်မှာ ဧပြီလမှ ဇူလိုင်လအထိ ဖြစ်သည်။ တောအတွင်း ချောင်းကမ်းပါးများတွင် အသိုက်ကို တွေ့ရတတ်၏။ အသိုက်ကို အများအားဖြင့် သစ်မြစ်များအကြားတွင် ချောင်းဖက်သို့ မျက်နှာမူလျက်လုပ်ထားကြသည်။ ဥ တဥလျှင် ပျမ်းမျှ အလျား ၁.၀၄လက်မနှင့် ပြက် ၀.၈၄ လက်မ ရှိ၏။

တောင်ငုံးကို အာဖရိကတိုက်၊ အာရှတိုက် တောင်ပိုင်းနှင့် ဩစတြေလျတိုက်တို့၌ အနှံ့အပြား တွေ့ရ၏။ မြန်မာနိုင်ငံတွင် ရခိုင်ပြည်တောင်ပိုင်း၊ ပဲခူးရိုးမ၊ ကော်သူးလေပြည်နယ်၊ တောင်ပိုင်းရှမ်းပြည်နယ်နှင့် တနင်္သာရီနယ်တို့၌ တွေ့နိုင်သည်။ များသောအားဖြင့် နွေရာသီ၌ လာရောက်လည်ပတ်ကြသောငှက်မျိုး ဖြစ်လေသည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/